မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မိုးညှင်းမြို့

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ရက်

အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် ကြော်ငြာစာအမှတ် ( /၂၀၂၄)

၁။ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် (၁.၄.၂၀၂၄ မှ ၃၁.၃.၂၀၂၅) ရက်နေ့အထိ (၁နှစ်) တာကာလ အပိုင်းအခြားအတွက် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်လိုင်စင်များနှင့်ပတ်သက်၍ သီးခြားညွှန်ကြားချက်ထုတ်ပြန်ပြီးမှ ညွှန်ကြားချက်ပါအတိုင်း ဆောင်ရွက်သွားရန်လည်းကောင်း၊ ပွဲတော်ပါ အပေါင်ဆိုင်လိုင်စင်များကို သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်ကို ၂၀၂၃-၂၀၂၄ခု လက်ရှိဘဏ္ဍာရေးနှစ် လိုင်စင်ကြေးဖြင့်သတ်မှတ်၍ သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ ကျန်အခွင့်အရေးလိုင်စင်များကို ဈေးပြိုင်လေလံစနစ်ဖြင့်လည်းကောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးတွင် အောက်ဖော်ပြပါနေ့ရက်များတွင် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | လိုင်စင်များရောင်းချမည့် အစီအစဉ် | လိုင်စင်များရောင်းချမည့် နေ့ရက်နှင့်အချိန် | လိုင်စင်များလျှောက်လွှာ တင်ရမည့် နောက်ဆုံးနေ့ရက်နှင့် အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၁၆.၁.၂၀၂၄(အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၁၅.၁.၂၀၂၄ (တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၂ | ဒုတိယအကြိမ် | ၂၃.၁.၂၀၂၄(အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၂၂.၁.၂၀၂၄ (တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၃ | တတိယအကြိမ် | ၃၀.၁.၂၀၂၄(အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၂၉.၁.၂၀၂၄(တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၄ | ချိတ်ပိတ်တင်ဒါ | ၈.၂.၂၀၂၄(ကြာသပတေးနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၇.၂.၂၀၂၄ (ဗုဒ္ဓဟူးနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၅ | အခြားနည်း | ၁၅.၂.၂၀၂၄(ကြာသပတေးနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၁၄.၂.၂၀၂၄(ဗုဒ္ဓဟူးနေ့)<br>ညနေ (၁၆:၀၀) နာရီ | |

၂။ အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာတင်သွင်းသူများသည် အောက်ပါစည်းကမ်း ချက်များကို လိုက်နာရမည်-

(က) အသက် (၁၈) နှစ်ပြည့်ပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှုအခင်းနှင့်ပြဿနာကင်းရှင်းသူဖြစ်ရမည်။

(ဂ) အခွန်ကြွေးကျန် ကင်းရှင်းသူဖြစ်ရမည်။

၃။ အောက်ပါပုဂ္ဂိုလ်များသည် အရပ်ရပ်အခွင့်အရေးလိုင်စင် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ-

(က) အခွင့်အရေးလိုင်စင်နှင့်ပတ်သက်၍နာမည်ပျက်စာရင်းဝင်သူများနှင့်၎င်းတို့၏မိသားစု ဝင်များ၊

(ခ) အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာနှင့်အတူ တင်ပြရမည့်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသူများ

(ဂ) အထူးကိုယ်စားလှယ်လွှဲစာ (Special Power) ဖြင့် လွှဲအပ်တင်ပြ၍ လူကိုယ်တိုင်လာရောက် ဆွဲဝယ်ခြင်းမပြုသူများ၊

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲ တင်သွင်းရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အခွန်အခကင်းရှင်းကြောင်းထောက်ခံချက်၊ လဝက လူဦးရေ စာရင်းပုံစံ (၆၆/၆)၊ စားပွဲတင်အာမခံငွေ ပေးသွင်းထားသည့် အထောက်အထား၊ ငွေထုတ် ယူခွင့်အမိန့်၊ (POP) သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်။

(ခ) အရှုပ်အရှင်း၊ အပေါင်အနှံကင်းရှင်းသည့်သက်ဆိုင်ရာလိုင်စင်ကြမ်းခင်းဈေး တန်ဘိုးထက် လျော့နည်းခြင်းမရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦ/အိမ်/မြေ) နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများ၊ အိမ်/မြေ/ဂရန် အစရှိ သည့် မူရင်းအထောက်အထားများ၊ အလား (၄) ဘက် ဓါတ်ပုံ (၄) ပုံ၊ စည်ပင်တန်ဘိုးဖြတ်အဖွဲ့ ၏ စိစစ်ထောက်ခံချက် (သို့မဟုတ်) ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ်မူရင်း၊ ငွေစုစာအုပ်မူရင်း စသည့် စာရွက်စာတမ်းအထောက်အထားများ၊

(ဂ) မြို့နယ်ပြင်ပမှ ဖြစ်ပါက အထက်ဖော်ပြပါ အထောက်အထားများအပြင် သက်ဆိုင်ရာမြို့နယ် စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏ စိစစ်ထောက်ခံချက်အပေါ် သက်ဆိုင်ရာမြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ထပ်ဆင့်ထောက်ခံချက်၊

(ဃ) လိုင်စင်တန်ဖိုးကျပ်(၂၀) သိန်း(ကျပ်နှစ်ဆယ်သိန်းတိတိ) ထက်ကျော်လွန်လျှင် အကြေမပေး သွင်းလိုပါက သက်မှတ်ထားသည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအာမခံ အထောက်အထား တင်သွင်း၍-

(၁) သက်တမ်းတိုးလိုင်စင် လုပ်ကိုင်ခွင့်ရရှိသူဖြစ်စေ၊ တိုက်ရိုက်ချထားခြင်းခံရသူဖြစ်စေ၊ လေလံဆွဲဝယ်ရရှိသူဖြစ်စေ၊ မိမိရရှိသော လိုင်စင် (၅ ပုံ ၁ ပုံ) လေလံကြေးငွေ (သို့မဟုတ်) (၂ ပုံ ၁ ပုံ) လိုင်စင်ကြေးငွေ (တိုင်းဒေသကြီးပြင်ပ) (သို့မဟုတ်) အကြေ ပေးသွင်းရန် သတ်မှတ်သည့် လိုင်စင်ကြေးငွေများကို ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် (၅.၄.၂၀၂၄) ရက်နေ့နောက်ဆုံးထား၍ ပေးသွင်းရမည်။ ကျန်ငွေကို (၈)ရစ် အညီအမျှခွဲဝေ၍ ဧပြီလမှ နိုဝင်ဘာလအတွင်း အရစ်ကျခွဲ၍ ပေးသွင်းရမည်။

(က) ပဲခူးတိုင်းဒေသကြီးအတွင်းမှဖြစ်ပါက ဆွဲဝယ်ထားသော လေလံတန်ဖိုး၏ ၅ ပုံ ၁ ပုံကို ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်၏ နှစ်စ (၅.၄.၂၀၂၄) ရက်နေ့ နောက်ဆုံးထား ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို (၈) ရစ်ခွဲ၍ အောက်ပါအတိုင်း ပေးသွင်းရမည်-

(၁) ပထမအရစ် (၂၂.၄.၂၀၂၄)
(၂) ဒုတိယအရစ် (၂၀.၅.၂၀၂၄)
(၃) တတိယအရစ် (၂၀.၆.၂၀၂၄)
(၄) စတုတ္ထအရစ် (၁၈.၇.၂၀၂၄)
(၅) ပဥ္စမအရစ် (၂၀.၈.၂၀၂၄)
(၆) ဆဋ္ဌမအရစ် (၂၀.၉.၂၀၂၄)
(၇) သတ္တမအရစ် (၂၁.၁၀.၂၀၂၄)
(၈) အဋ္ဌမအရစ် (၂၀.၁၁.၂၀၂၄)

(၂) ပဲခူးတိုင်းဒေသကြီးပြင်ပမှ လာရောက်ဆွဲဝယ်လုပ်ကိုင်သူဖြစ်ပါက လိုင်စင်ကြေး၏ (၅၀%)အား လိုင်စင်ဆွဲဝယ်ရရှိသည်နှင့် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် နှစ်စ (၅.၄.၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်။ ကျန် (၅၀%) အား ၂၀၂၄ ခုနှစ်၊ ဧပြီလမှစ၍ လစဉ်သတ်မှတ်ရက်များအတိုင်း (၄)ရစ်ခွဲ၍ ပေးသွင်းရမည်။ လေလံကြေး အနည်းဆုံးကျပ် (၂၀) သိန်းဖြစ်ပါက ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် နှစ်စ (၅.၄.၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ အကြေပေးသွင်းရမည်။

(ခ) ပဲခူးတိုင်းဒေသကြီးပြင်ပမှ ဖြစ်ပါက လေလံတန်ဖိုး၏ ၅၀% အား ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် နှစ်စတွင် (၅.၄.၂၀၂၄) ရက်နေ့ နောက်ဆုံးထားပြီး ပေးသွင်း ရမည်ဖြစ်ပြီး ကျန်ငွေကို (၄) ရစ်ခွဲ၍ အောက်ပါအတိုင်း ပေးသွင်းရမည်-

(၁) ပထမအရစ် (၂၂.၄.၂၀၂၄)
(၂) ဒုတိယအရစ် (၂၀.၅.၂၀၂၄)
(၃) တတိယအရစ် (၂၀.၆.၂၀၂၄)
(၄) စတုတ္ထအရစ် (၁၈.၇.၂၀၂၄)

(ဂ) အဆိုပါသတ်မှတ်ရက်များသည် ရုံးပိတ်ရက်နှင့်တိုက်ဆိုင်နေပါက ထိုနေ့မတိုင်မီကြိုတင်ပေးဆောင်ရမည်။

(ဃ) လုံလောက်သော အာမခံတင်သွင်းနိုင်ခြင်းမရှိပါက လေလံကြေး အကြေပေးသွင်းရမည်။ အာမခံ လုံလောက်နိုင်မာမှု မရှိပါက လေလံအား အတည်ပြုမည်မဟုတ်ပါ။

(င) မည်သည့်ပုဂ္ဂိုလ် အသင်းအဖွဲ့၊ ဌာနဆိုင်ရာအဖွဲ့အစည်း၊ ဝန်ထမ်းများကိုမျှ တိုက်ရိုက်ရောင်းချ မည်မဟုတ်ပါ။

(စ) အရပ်ရပ်အခွန်အရေးလိုင်စင် ဆွဲဝယ်သူများသည်အဖွဲ့မှ သတ်မှတ်ထားသည့် လိုင်စင်ဆွဲဝယ်ခွင့် လျှောက်လွှာများကို တစ်စုံလျှင် (၁၅၀၀၀/-) နှုန်းဖြင့် ဝယ်ယူပြီး အထောက်အထားပြည့်စုံစွာဖြင့် ဖော်ပြပါ သတ်မှတ်ရက်အတိုင်း ရုံးချိန်အတွင်း နောက်ဆုံးထား၍ မိုးညှိမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လျှောက်ထားရမည်။

(ဆ) အရပ်ရပ်အခွန်အရေးလိုင်စင် မအောင်မြင်သူများ၏ စားပွဲတင်အာမခံငွေအား လေလံပွဲပြီးဆုံး သည့် (၁၀) ရက်ကြာမှ ပြန်လည်၍ ထုတ်ပေးမည်။

၅။ ၂၀၂၄-၂၀၂၅ခုဘဏ္ဍာရေးနှစ်အတွက် အဖွဲ့မှသတ်မှတ်ပြဋ္ဌာန်းထားသော အရပ်ရပ်အခွန်အရေးလိုင်စင်များ ရောင်းချမည့်ကြော်ငြာနှင့် စည်းကမ်းသတ်မှတ်ပြဋ္ဌာန်း ချက်များနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များရှိပါက မိုးညှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

ဖုန်းနံပါတ် ၀၅၃ - ၈၃၀၅၁

အမှုဆောင်အရာရှိ
(သက်သက်မာ၊ ဦးစီးအရာရှိ)

စာအမှတ်၊ ၈၅၄ / ဃ - ၂ / မည - ၂ / (၀၀၁)
ရက် စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်

ဖြန့်ဝေခြင်း
ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး( မြို့)
လိုင်စင်စီနှင့်လိုင်စင်စီဟောင်းများ၊ အခြားစိတ်ပါဝင်စားသူများအားလုံးနှင့်ကြော်ငြာသင်ပုန်းများအားလုံး

မိတ္တူကို
ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ ပဲခူးမြို့
ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာယာဝတီမြို့
မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှိမြို့
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မိုးညှိမြို့
ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအားလုံး၊ မိုးညှိမြို့နယ်
ရုံးလက်ခံ
မျှောစာတွဲ

မိုးညိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်အတွက် သက်တမ်းတိုးစနစ် / ဈေးပြိုင်စနစ်ဖြင့်

လေလံရောင်းချမည့် အခွင့်အရေးလိုင်စင်များ

| စဉ် | | | လိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်သိန်း) | စားပွဲတင်အာမခံငွေ (ကျပ်သိန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | **သက်တမ်းတိုးစနစ်လိုင်စင်များ** | | | |
| ၁ | | | **အပေါင်ဆိုင်များ** | | | |
| | ၁ | ၁ | ရေကင်းအပေါင်ဆိုင် | ၃၁.၃၅ | ၁၅.၆၇၅ | |
| | ၂ | ၂ | ညောင်လေးပင်အပေါင်ဆိုင် | ၈.၃၀ | ၄.၁၅ | |
| | ၃ | ၃ | အိုးဘိုကျွန်းအပေါင်ဆိုင် | ၄.၆၀ | ၂.၃၀ | |
| | ၄ | ၄ | ပတ္တွော်အပေါင်ဆိုင် | ၆.၉၅ | ၃.၄၇၅ | |
| | ၅ | ၅ | မိုးညိုမြို့မအပေါင်ဆိုင်(၂) | ၆.၃၀ | ၃.၁၅ | |
| | ၆ | ၆ | ထိန်တောအပေါင်ဆိုင်(၁) | ၆.၉၅ | ၃.၄၇၅ | |
| | ၇ | ၇ | သခင်လှရှိန်အပေါင်ဆိုင် (၃) | ၈.၈၀ | ၄.၄၀ | |
| | ၈ | ၈ | ထိန်တောအပေါင်ဆိုင် (၂) | ၆.၉၅ | ၃.၄၇၅ | |
| | ၉ | ၉ | ဓောတိကအပေါင်ဆိုင်(၁) | ၇.၈၀ | ၃.၉၀ | |
| | ၁၀ | ၁၀ | ဓောတိကအပေါင်ဆိုင် (၂) | ၇.၈၀ | ၃.၉၀ | |
| | ၁၁ | ၁၁ | သခင်လှရှိန်အပေါင်ဆိုင် (၂) | ၇.၈၀ | ၃.၉၀ | |
| | ၁၂ | ၁၂ | ဓောတိကအပေါင်ဆိုင် (၃) | ၇.၈၀ | ၃.၉၀ | |
| | ၁၃ | ၁၃ | ဘုရားကြီးကုန်းအပေါင်ဆိုင် | ၇.၁၀ | ၃.၅၅ | |
| ၂ | | | **မြို့နယ်ဝင်ကြေးဘီးကောက်** | | | |
| | ၁ | ၁၄ | မြို့နယ်ဝင်ကြေးဘီးကောက် | ၉၃.၈၀ | ၄၆.၉၀ | |
| | | | **ဈေးပြိုင်စနစ်ဖြင့်ဆောင်ရွက်မည့်လိုင်စင်များ** | | | |
| ၃ | | | **ဈေးကောက်လိုင်စင်များ** | | | |
| | ၁ | ၁၅ | မိုးညိုဈေးကောက် | ၁၆၂.၂၅ | ၈၁.၁၂၅ | |
| | ၂ | ၁၆ | ရေကင်းဈေးကောက် | ၁၆.၈၅ | ၈.၄၂၅ | |
| | ၃ | ၁၇ | ထိန်တောဈေးကောက် | ၄၄.၃၅ | ၂၂.၁၇၅ | |
| ၄ | | | **ကူးတို့လိုင်စင်များ** | | | |
| | ၁ | ၁၈ | ဆိပ်ကမ်းသာ-မဲခင်းချောင်ကူးတို့ | ၃၀.၇၀ | ၁၅.၃၅ | |
| | ၂ | ၁၉ | တက်ဆွဲကူးတို့ | ၄၈.၉၅ | ၂၄.၄၇၅ | |
| ၅ | | | **အခြားလိုင်စင်များ** | | | |
| | ၁ | ၂၀ | မြို့မဈေးစက်ဘီးကောက် | ၇၅.၃၅ | ၃၇.၆၇၅ | |
| | ၂ | ၂၁ | မြို့မဈေးအိမ်သာကောက် | ၂၅.၃၀ | ၁၂.၆၅ | |
| | | | **စုစုပေါင်း** | **၆၁၆.၀၅** | **၃၀၈.၀၂၅** | |